#အရောင်အသွေးနဲ့လူလို့ သင်တို့ ကျွန်တော့်ကိုခေါ်နေကြတယ်၊ ဟုတ်။
ကျွန်တော်ကိုမွေးတုန်းကလည်း၊ မဲမဲဘဲ။
ကျွန်တော်လူလားမြောက်လာတော့လည်း၊ မဲမဲဘဲ။
ကျွန်တော်နေရောင်ထဲသွားရင်လည်း၊ မဲမဲဘဲ၊
ကျွန်တော်ထိတ်ရင်လည်း၊ မဲမဘဲ၊
ကျွန်တော်နေထိုင်မကောင်းရင်လည်း၊ မဲမဲဘဲ၊
ပြီးတော့ကျွန်တော်ဆုံးပါးသွားရင်လည်း၊ မဲမဲဘဲ။

သင်ကတောလူဖြူပေါ့။
သင့်ကိုမွေးတုန်းက၊ သင်ကပန်းရောင်သန်းနေခဲ့တယ်။
သင်အရွယ်ရောက်လာတော့၊ အဖြူရောင်ဖြစ်သွားတယ်။
သင်နေရောင်ထဲသွားရင်၊ နီမြန်းသွားတယ်။
အေးတဲ့အခါ၊ သင်အပြာရောင်ပြောင်းသွားတယ်။
သင်ထိတ်သွားတဲ့အခါ၊ အဝါရောင်ပြောင်းသွားတယ်။
သင်နေထိုင်မကောင်းတဲ့အခါ၊ အစိမ်းရောင်ပြောင်းသွားတယ်။
သင်အသက်မဲ့သွားတဲ့အခါ၊ အရောင်ဖျော့တော့တော့ပြောင်းသွားတယ်။
ကယ်….. ကျွန်တော့်ကို၊ အရောင်အသွေးနဲ့လူလို့ခေါ်အုံးမလား။

And you calling me colored??

When I born, I black.
When I grow up, I black.
When I go in sun, I black.
When I scared, I black.
When I sick, I black.
And when I die, I still black.

And you white people.
When you born, you pink.
When you grow up, you white.
When you go in sun, you red.
When you cold, you blue.
When you scared, you yellow.
When you sick, you green
And when you die, you grey…

And you calling me colored??.......

#သိကြားတမန်အမိမယ်တော်ထံ အမိန့်တော်ပြန်ကြားသော ရက်ကြီးအခါကြီးနေ့၌ မစ္ဆားတရားအတွင်းဟောကြားသောရဟန်းမင်းကြီး ၏ဩဝါဒ

**#: Pope Francis' Homily on the Solemnity of the Annunciation**

ရဟန်းမင်းကြီးဖရန်စစ်သည် ယမန်နေ့ မတ်လ (၂၅) ရက်နေ့က စိန့်ဘာစီးလီကာဘုရားကျောင်းကြီးအတွင်း၌ 'သိကြားတမန် အမိမယ်တော်ထံအမိန့်တော်ပြန်တော်မူသည့်ပွဲ' နေ့မစ္ဆားကိုဦးဆောင်ပူဇော်ခဲ့သည်။ မစ္ဆာအတွင်း ရဟန်းမင်းကြီးက ကမ္ဘာပေါ်ရှိဆရာတော်ကြီးများ၊ ဘာသာတူများနှင့်အတူ လက်ရှိ၌ ကျွန်ုပ်တို့တွေ့ကြုံနေရသောအခြေအနေအရပ်ရပ်ကို အလွန်စင်ကြယ်တော်မူသောနှလုံးတော်ထံ တင်လှူပူဇော်ပါသည်ဟုအစချီ၍ ထိုနေ့ကဖတ်ကြားခဲ့သောပွဲ နေ့ဧဝံဂေလိကျမ်းကို အောက်ပါအတိုင်းထောက်ရှု၍ ဩဝါဒမြွက်ကြားခဲ့သည်။

သိကြားမင်းဂါဘရီအဲလ်သည် အမိမယ်တော်အား သုံးကြိမ်စကားပြောခဲ့သည်။ ပထမအကြိမ်၌ 'ကျေးဇူးတော်နှင့်ပြည့်စုံသူ၊ ဘုရားသခင် သင်နှင့်အတူရှိသူ၊ ဝမ်းမြောက်လော့' ဟုနုတ်ဆက်ခဲ့သည်။ (သံလုကာ ၁း၂၈) ဝမ်းသာရသည့်အကြောင်းအရင်းမှာ 'ဘုရားသခင်သည်' မယ်တော်နှင့်အတူရှိသောကြောင့်ဖြစ်ပါ သည်။ ချစ်လှစွာသော ညီအစ်ကိုမောင်နှအပေါင်းတို့ သိကြားတမန်၏နုတ်ဆက်ခြင်းသည် သင်တို့အားပြောကြားနေပါသည်။ သင်တို့သည် ဘုရားသခင်၏ အပြစ်ခွင့်လွှတ်ခြင်းကိုခံယူတိုင်း ဤနုတ်ဆက်ခြင်းသည် သင်တို့အားနုတ်ဆက်သည့်စကားအဖြစ်ခံယူလိုက်ကြပါ။ ထိုအခါ ဘုရားသခင် 'ငါသည်သင်တို့နှင့်ရှိပါသည်' ဟု သင်တို့အားမိန့်ကြားလာလိမ့်မည်။ မကြာခဏကျွန်ုပ်တို့သည် အာပတ်ဖြေခြင်းစက္ကရာမင်တူးကိုခံယူရန်ချဉ်းကပ်သွားလျှင် ဘုရားသခင်ထံသို့ချဉ်းကပ်သွားသည် ဟုခံစားရခြင်း မသက်မသာသောခံစားချက်မျိုးဖြင့်သွားတတ်ကြသည်။ အမှန်မှာ အာပတ်ဖြေခြင်းစက္ကရာမင်တူးကိုခံယူခြင်းသည် ခမည်းတော်ဘုရားအား ပျော်

ရွှင်မှုကိုပေးသည်။ ကျွန်ုပ်တို့၏အပြစ်ကြီးငယ်ထက်
ခမည်းတော်ဘုရား၏ခွင့်လွှတ်ခြင်းကားပို၍အလေးထားရမည်။

စဉ်းစားကြည့်ပါ။ အကယ်၍ ကျွန်ုပ်တို့၏အပြစ်သည်
စက္ကရာမင်တူးခံယူရခြင်း၏အဓိကသော့ချက်ဖြစ်နေပါလျှင် အပြစ်ခွင့်လွှတ်ခံရခြင်း၊
မခံရခြင်းသည် ကျွန်ုပ်တို့အပေါ်၊ ကျွန်ုပ်တို့၏နာကျင်ခြင်း၊ ကျွန်ုပ်တို့၏အားထုတ်မှု၊
ကျွန်ုပ်တို့၏ပြတ်သားသောပိုင်းဖြတ်ချက်အပေါ်သာ လုံးဝတည်မှီနေပေတော့မည်။
ထိုသို့လုံးဝ မဟုတ်ပါ။ စက္ကရာမင်တူးသည် ဘုရား၏အပိုင်းဖြစ်သည်။ ဘုရားသခင်သည်
ကျွန်ုပ်တို့ကိုလွတ်မြောက်ခွင့်ကိုပေးသည်။ ကျွန်ုပ်တို့၏ခြေပေါ်၌ မားမားမတ်မတ်၊
ခိုင်ခိုင်ခန့်ခန့်ပြန်လည်ရပ်တည်နိုင်စေသည်။

ကျေးဇူးတော်၏ အဓိကကျမှုကိုပြန်လည်အမှတ်ရကြပါစို့။ ကျေအေးခြင်းသည်
ကျွန်ုပ်တို့အားဘုရားသခင်နှင့်နီးကပ်စေခြင်းမဟုတ်သည်ကို နားလည်သ
ဘောပေါက်ရမည်။ အခရာကျသောအရာကား
ဘုရားသခင်၏နွေးထွေးပျူငှာစွာပွေ့ပိုက်ခြင်းသည် ကျွန်ုပ်တို့ကို အံ့အားသင့်စေပြီး၊
လွှမ်းခြုံသွားစေသည်။ ဘုရား သခင်သည် နာဇရက်ရှိမယ်တော့်အိမ်သို့ ကြွရောက်သကဲ့သို့
ကျွန်ုပ်တို့၏အိမ်ထဲသို့ကြွဝင်လာသည်။
ကျွန်ုပ်တို့မျှော်လင့်မထားသောအံ့အားသင့်ဖွယ်ပျော်ရွှင်မှုကို ယူဆောင်လာပေးသည်။

ရှေ့ဦးစွာ ဘုရားသခင်၏အပိုင်းမှကြည့်ကြစို့။ သို့မှသာ
အာပတ်ဖြေခြင်းစက္ကရာမင်တူးကို ခံယူချက်မှန်ကန်စွာမြတ်နိုးတတ်ပေမည်။
အတွင်းပိုင်းပြန်လည် မွေးဖွားခြင်း၊ ဝိညာဉ်ရေးပြန်လည်ရှင်သန်ဆန်းသစ်ခြင်း
စသောအခြေအနေများအားလုံးသည် ဘုရားသခင်၏ခွင့်လွှတ်ခြင်းမှအစပြု၍
ကျွန်ုပ်တို့လိုအပ်သည်။ ဤသို့ဆိုသော်ကြောင့်
ကျေအေးခြင်းအပိုင်းကိုလစ်လျူရှုပထုတ်လိုက်ခြင်းမဟုတ်။ ဤစက္ကရာမင်တူးသည်
ဝမ်းသာပျော်ရွှင်မှုကိုပြန်လည်တွေ့စေသည်ကိုသိစေ ရန်ဖြစ်သည်။
အဘယ်ကြောင့်ပျော်ရွှင်ရသနည်း။ ရှက်စရာကောင်းသော၊
ကျွန်ုပ်တို့၏အပြစ်များမှလွတ်မြောက်စေသောကြောင့်ဖြစ်သည်။ ခမည်းတော်ဘုရား၏
နွေးထွေးလှိုက်လှဲသောပွေ့ပိုက်မှုကိုခံစားရခြင်း၊ ကျွန်ုပ်တို့အား ကုသခြင်းကိုပေးသည့်

ယေဇူးသခင်၏နူးညံ့သောအားကိုထိတွေ့ခံစားရ၊ သန့်ရှင်းသောဝိညာဉ် တော်၏ မိခင်တစ်ဦးနှယ်နူးညံ့သော အထိအတွေ့အတွေ့ အကြုံသည် အလွန်ပျော်စရာကောင်းပါသည်။ ထိုသို့သော် အတွေ့အကြုံကား အာပတ် ဖြေခြင်းစက္ကရာမင်တူး၏ နှလုံးသဲပတ်ပင်ဖြစ်သည်။

ချစ်လှစွာသောညီအစ်ကိုရဟန်းတော်အပေါင်းတို့ သင်တို့သည် အပြစ်ခွင့်လွှတ်ခြင်း၏အမှုဆောင်များဖြစ်ကြသည်။ ထိုအပြစ်ခွင့်လွှတ်ခြင်းကျေးဇူးကိုခံယူရန် သင်တို့ထံသို့ချဉ်းကပ်လာသူများအား ‘ဝမ်းမြောက်ပါလေ့။ ဘုရားသခင်သည် သင်နှင့်အတူရှိ၏’ ဟူသောပျော်ရွှင်ခြင်းကို ကြေညာပေးကမ်းပါလေ့။ တင်းကြပ်ခက်ထန်မှု၊ အပြစ်ဖြေလျှော့ရန် အဟန့်အတားဖြစ်မှုများကိုဘေးဖယ်ထားလိုက်ပါ။ သင်တို့သည် သနားခြင်းဆီသို့ဝင်ထွက်နိုင်ရန်တံခါးမကြီးအဖြစ် အာပတ် ဖြေခြင်းစက္ကရာမင်တူးကို ကျယ်ပြောစွာဖွင့်ထားပါ။ ကောင်းသောသိုးထိန်းကဲ့သို့ ပြုမူရန်ခေါ်တော်မူခြင်းခံရသည်။ ကောင်းသောသိုးထိန်းသည် သူ၏ယုယမှု၊ ဂရုစိုက်မှုကိုလိုအပ်နေသောသိုးတို့အား သူ၏လက်ပေါ်တွင်တင်၍ မြှုပေးလေ့ရှိသည်။ ကျွန်ုပ်တို့သည် ခမည်းတော်ဘုရား၏သနားခြင်းခန်း ခြောက်သွားသောနှလုံးသားများဆီသို့ ထာဝရအသက်ကိုစီးဆင်းစေသော ကျေးဇူးတော်ရေကို သယ်ဆောင်ပေးသည့် တူးမြောင်းများဖြစ်ကြသည်။

# #Photo Crd. Archdiocese begins informal documentation on India’s ‘Apostle of the Eucharist’

‘ကိုယ်တော်မြတ်ရဲ့တမန်တော်’ မှတ်တမ်းဗွီဒီယိုစတင်ရိုက်ကူး

အိန္ဒိယနိုင်ငံ၏တောင်ပိုင်းရှိ **Kerala** ပြည်နယ်မှ Verapoly ကက်သလစ်ဂိုဏ်းချုပ်သာသနာက ကိုယ်တော် မြတ်အားအလွန်ချစ်မြတ်နိုးပြီး၊ ယုံကြည်သဒ္ဓါပွားသော အမျိုးသမီးငယ်လေး **Ajna George** အကြောင်းကိုဗွီဒီယို မှတ်တမ်းစတင်ရိုက်ကူးနေပြီဖြစ်သည်။ သူ့အား ‘**Apostle of the Eucharist**’ (ကိုယ်တော်မြတ်၏တမန်တော်) ဟုချစ်စနိုးဖြင့်ခေါ်ကြသည်။ ဤသို့ဗွီဒီယိုမှတ်တမ်းရိုက်ကူးရခြင်းမှာ သာသနာအတွက် သူ၏ပေးဆက်မှုကိုမှတ်တမ်း တင်ဂုဏ်ပြုလို၍လည်းဖြစ်သည်။

သူသည် ‘Jesus Youth’ (ယေရှုသခင်၏လူငယ်) အဖွဲ့ဝင်တစ်ဦးလည်းဖြစ်သည်။ လက်တော်ကဲ့ ပရောဖက် ဆာလည်းဖြစ်သည်။ ကင်ဆာရောဂါဖြင့် ဇန်နဝါရီလ (၂၁) ရက်နေ့က Kochi ၌ကွယ်လွန်သွားခဲ့သည်။ ကွယ်လွန်ချိန်၌ အသက် (၂၇) သာရှိသေးသည်။ Ajna အားရဟန္တာတင်မြှောက်နိုင်ရေးအတွက်လည်း သာသနာပိုင်ဆရာတော်နှင့်သာသနာအတွင်းမှဘာသာရေးအဖွဲ့အစည်းများကလည်းစိတ်အားတက်ကြွနေကြသည်။ သို့သော် ဘာသာတူတစ်ဦးအား ရဟ န္တာအဖြစ်တင်မြှောက်နိုင်ရန်မှာ ပုံလွန်ပြီး အနည်းဆုံး (၅) နှစ်စောင့်ဆိုင်းရသည်။ ထိုနောက်မှသာ အဆိုတင်သွင်းနိုင်သည်။ Ajna ၏ဝိညာဉ်ရေးလမ်းညွှန်ဘုန်းတော်ကြီးဖြစ်သော Jean Felix Kattassery ကလည်း Ajna သည် ကင် ဆာဝေဒနာထိုမျှပြင်းထန်စွာနာကျင်ခံစားနေရသော်လည်း ကိုယ်တော်မြတ်ကိုချစ်ပြီး၊ ကိုယ်တော်မြတ်ကိုပင်ယူရန် ဆန္ဒပြင်းပြလှသည့်အကြောင်းကိုထုတ်ဖော်ပြောလာသည်။ Ajna သည် ယေရှုသခင်၏ဒုက္ခလမ်းစဉ်သည် ကယ်တင် ခြင်းကိုရသည့်အကြောင်းကို သူ၏ဘဝဖြင့်သက်သေပြသွားခဲ့သည်သည်။ Ajna ဘဝသည် သူတော်မြတ် ကာရ်လိုအကူး တစ်ကဲ့သို့ပင် ကိုယ်တော်မြတ်စက္ကရာမင်တူးကိုအလွန်ယုံကြည်သဒ္ဓါပွားသူဖြစ်သည်။ Ajna သည်ငယ်စဉ်ကပင် ကိုယ်တော်မြတ်ကိုအလွန် ယုံကြည်အားကိုးသူဖြစ်သည်။ သူ၏နာကြင်မှုများအားလုံးကို ကိုယ်တော်မြတ်ပင့်ယူခြင်း၊ ဖူးခြင်း ဖြင့်ခံထမ်းကျော်ဖြတ်သည်။ ဘုရားသခင်၏ဘုန်းတော်ဂုဏ်တော်အတွက် ပူဇော်ပေးခဲ့သည်။ Ajna သည်သူ၏နောက်ဆုံးအချိန်၌လည်း ကိုယ်တော်မြတ်ကိုပင့်ယူပြီးနောက် ပြုံးရွှင်စွာဖြင့်ဆုံးပါးသွားခဲ့သည်။

5th week of Lent-Thursday

Jn. 8;51-59

Rev. Fr. Cle Pike

Posted by Sr. B.Myat Hnin Nwe(I.S.R.)

လူသည် သေမင်းကိုကြောက်ကြသည်။ အချို့ကား သေမင်းကိုမကြောက်။ သို့သော် ရှင်ခြင်းနှင့်သေခြင်းကာလ စပ်ကြား ခံစားကြုံတွေ့ရသည့် အခြေအနေ (သို့) ဝေဒနာကိုသာကြောက်သည်ဟုလည်း သေခြင်းကိုကြောက်သည်ဟု တိုက်ရိုက်မဖြေဘဲ သွယ်ဝိုက်၍ဖြေဆိုကြသည်။ မည်သို့ပင်ဖြစ်စေ ကြောက်ခြင်းအတူတူပင်ဖြစ်ပါသည်။ယေရှုသခင် ပင်လျှင် ကြုံတွေ့လာမည့် ဝေဒနာကိုကြိုမြင်တွေ့ပြီးနောက် 'အိုအဖ၊ ကိုယ်တော်အလိုတော်ရှိပါလျှင် ဤခွက်ကိုအ ကျွန်ုပ်ထံမှလွှဲဖယ်တော်မူပါ။ သို့သော်လည်း အကျွန္ုပ်၏အလိုအတိုင်းမဟုတ်ဘဲ ကိုယ်တော်၏အလိုတော်အတိုင်းသာ ဖြစ်ပါစေ' ဟုဆုတောင်းခဲ့သည်။ (သံလုကာ ၂၂း၄၂) အမှန်ဆိုရပါလျှင် ဤသို့ဆုတောင်းခဲ့သောယေရှုသခင်သည် 'ငါ သည်ရှင်ပြန်ထမြောက်ခြင်းဖြစ်၏။ အသက်လည်းဖြစ်၏။

ငါ့ကိုယုံကြည်သောသူသည် သေပြီးသော်လည်း အသက်ရှင်
လိမ့်မည်။ အသက်ရှင်၍ ငါ့ကိုယုံကြည်သောသူတိုင်းသည်လည်း
မည်သည့်အခါမျှသေရလိမ့်မည်မဟုတ်’ ဟုမိန့်ကြားခဲ့ သည့်တိုင်
သေခြင်းတရားကိုရင်ဆိုင်ဖြတ်သန်းခဲ့ရသည်။

မွေးဖွားခြင်းခံထားသူများအနေဖြင့်
သေခြင်းတရားကိုမလွှန်ဆန်နိုင်ပေ။ ဓမ္မဟောင်းကျမ်း၌
ဧနောခ့နှင့်ပရောဖက် ဧလိယတို့သည် အသက်မသေဘဲ
ကောင်းကင်သို့အရှင်လတ်လတ်ယူဆောင်ခြင်းခံရသည်ဟုဆိုပါသည်။
(ကမ္ဘာဦးကျမ်း ၅း၂၃-၂၄၊ တ ဓမ္မ ၂း၁၁၊ ပရောဖက်မာလခိ ၄း၅-၆၊
ဟေဗြဲဒိတ်ကျမ်း ၁၁း၃-၁၂၊ ဆာလံ ၁၈း၃၀) ဘုရားသခင်က ၎င်းတို့အား
အသက်ရှင်လျှက် ကောင်းကင်သို့ဆောင်ယူခဲ့ရခြင်းမှာ ၎င်းတို့သည်
ဘုရားသခင်၏စိတ်သဘောတော်နှင့် တွေ့သောသူများဖြစ်ကြသည်။
ဤသို့ဆိုလျှင် ၎င်းတို့သည် အမှန်တကယ်မသေခဲ့ကြသလော။
၎င်းတို့၏အကျင့်အကြံ များသည် ယေဇူးသခင်ထက်ပင်လျှင်
ကြီးမြတ်ပြည့်စုံသည်ဟုဆိုလိုခြင်းလော့။ လုံးဝမဖြစ်နိုင်ပေ။
အဘယ်သို့ဆိုလိုပါသ နည်း။ ဘုရားသခင်ရှေ့၌ဖြောင့်မတ်သောသူ၊
ဘုရားသခင်၏စိတ်သဘောနှင့်တွေ့သူ၊
ဘုရားသခင်၏ပညတ်တော်များကို ပြစ်ချက်မရှိလိုက်နာသူများသည်
သေပြီးသော်လည်းဆက်လက်၍ ၎င်းတို့၏ကောင်းသတင်းများသည်

သင်းနေဆဲ၊ မွေး နေဆဲဖြစ်သည်ကိုဆိုလိုသည်။
မိုးဇက်အားဘုရားသခင် မီးတောက်မီးလျှံကြားမှ ထင်ရှားပြချိန်၌
ဘုရားသခင်က 'ငါသည် အာဘရာဟမ်၊ အီဇက်၊
ယာကုပ်တို့၏ဘုရားဖြစ်သည်။ ငါသည် သေသူတို့၏ဘုရားမဟုတ်။
အသက်ရှင်သောသူတို့၏ဘု ရားဖြစ်၏'
ဟုမိန့်တော်မူသည်ကိုထောက်ခြင်းဖြင့်သိနိုင်ပါသည်။ (ထွက်မြောက်
၃း၆၊ သံမာတေဦး ၂၂း၃၂) ဤယုံ ကြည်ခြင်း၏ဘိုးဘေးများသည်
ကာယအသက်တာသေး ဆုံးခဲ့ပြီးဝိညာဉ်ဖြင့်ပြန်လည်ရှင်ပြန်မည့်
အချိန်ကိုစောင့်နေကြသည်။ သို့သော် ယခုထိတိုင်
၄င်းတို့၏ကောင်းကျင့်သီလပါရမီများကြောင့် မသေသကဲ့သို့ လူများ
တမ်းတမ်းတတရှိနေကြသည်။ ၄င်းတို့ထံမှသင်ယူနေကြရသည်။

ယနေ့ဖတ်ရှုသောဂေဂေလိကျမ်း၌ ယေရှုသခင်သည်
သဘာဝထက်လွန်ကဲသောအခြေအနေဖြစ်သည့် 'ငါ၏စ ကားကို
လိုက်နာကျင့်ကြံသောသူသည် သေခြင်းနှင့်မည်သည့်အခါမျှ
ကြုံရလိမ့်မည်မဟုတ်' ဟုမိန့်ကြားသည်။ ယေရှုသ
ခင်၏ဆိုလိုရင်းကိုမသိဘဲ ယေရှုသခင်အား
ချက်ချင်းစောဒကတက်ကြသည်။ ယေရှုသခင်၌
ထာဝရအသက်နှင့်ဆိုင် သောစကားရှိသည်ကိုမသိကြပေ။
(သံယောဟန် ၆း၆၈) ယေရှုသခင်၏စကားများကိုနားလည်ရန်မှာ

သူကဲ့သို့ပြည့်စုံ နေရမည်။ ထိုသို့မပြည့်စုံနိုင်သောကြောင့် တစ်ခါတစ်ရံလက်ခံရန်ခက်ခက်ခဲချိန်၌ 'အိုသခင်ဘုရား၊ တပည့်တော်တို့၏ယုံ ကြည်ခြင်းကို တိုးပွားစေတော်မူပါ' ဟု နှိမ့်ချစွာဆုတောင်းရမည်။ (သံလုကာ ၁၇း၅)

# 'မာလ်တာသည် ဒုက္ခသည်အကြပ်အတည်းကို ရှေ့တန်းမှရပ်တည်ဖြေရှင်းပေးနေ' ဟုရဟန်းမင်းကြီးဖရန့်စစ်မိန့်ကြား

. ရဟန်းမင်းကြီးဖရန့်စစ်သည် မာလ်တာသို့ကြွရောက်ခဲ့သော သူ၏တမန်တော်ခရီးအကြောင်းကို ဗုဒ္ဓဟူးနေ့ တိုင်းဘုရားဖူးများနှင့်တွေ့ဆုံစဉ် ပြန်လည်သုံးသပ်ပြမှတ်ချက်ပြုခဲ့သည်။ ကျွန်းသို့အမှတ်မထင်ရောက်ရှိလာခဲ့သော တမန်တော်ပေါလုအား မေတ္တာတရားဖြင့်ကြိုဆိုတတ်ခဲ့သောစိတ်ကို ယနေ့ရွှေ့ပြောင်းဒုက္ခသည်များ၏အကြပ်အတည်း နှင့်နှိုင်းယှဉ်သင့်လှပါသည်။ ဒုက္ခသည်အကြပ်အတည်းသည် အရေးပေါ်ရုံသာမဟုတ်။ ကျွန်ုပ်တို့ခေတ်အခါသမယ၏ လက္ခဏာတစ်ခုလည်းဖြစ်နေသည်။ ရွှေ့ပြောင်းများသည် ၎င်းတို့နှင့်အတူ သူမတူသောအကြောင်းအရာများပါလာသည်။

ထိုအကြောင်းအရာများသည်
ကျွန်ုပ်တို့အားကြွယ်ဝမှုလက်ဆောင်ကိုပေးသည်။

မာလ်တာသို့

တမန်တော်ခရီးကြွရောက်သွားနိုင်ခဲ့ခြင်းကြောင့်
နိုင်ငံတော်သမ္မတအားလည်းကောင်း၊ အရပ်ဖက်
အာဏာပိုင်းများအားလည်းကောင်း၊
ဆရာတော်ကြီးများနှင့်ဘာသာတူများနှင့်အခြားသောလုပ်အားပေးသူ
များလည်း ကောင်း၊
၄င်းတို့၏ရက်ရောသောပေးဆက်မှုများအားလုံးတွက်
ထပ်မံကျေးဇူးတင်ပါကြောင်း၊ တမန်တော်ဝတ္ထုကျမ်း (၂၈း၂) ၌
တမန်တော်ပေါလုက သင်္ဘောပျက်၍ ခရီးတစ်ထောက်နားခဲ့ရသော
မာလ်တာကျွန်းမှကျွန်းသူကျွန်းသားများ သည် ၄င်းတို့အား
သူမတူသော ကြင်နာမှုများပြသခဲ့ကြောင်းပြောပြထားသည်။
ဤမေတ္တာခတ်ပါပြီး၊ လှိုက်လှဲစွာဖော် ရွေကြိုဆိုတတ်သော
မာလ်တာကျွန်းသူကျွန်းသားတို့၏စိတ်ထားမျိုး
ကျွန်ုပ်တို့လည်းထားရှိပြီး ကျွန်ုပ်တို့ကြုံတွေ့နေရ
သောရွှေ့ပြောင်းတို့ကိုကူညီသင့်လှသည်။ ဤကိစ္စသည်
အရေးပေါ်ရုံသာမဟုတ်။ ကျွနု်ပ်တို့ခေတ်ကာလ၏ အမှတ်လက္ခ
ဏာတစ်ခုပင်ဖြစ်နေသည်။ မာလ်တာနိုင်ငံသည်
ဤဒုက္ခသည်များနှင့်ပတ်သက်လာလျှင် ရှေ့တန်းမှရပ်တည်ကူညီနေ
ကြောင်းကို မာလ်တာသို့တမန်တော်ခရီးကြွရောက်စဉ်

‘ရဟာန်းမင်းကြီးဂျွန် (၂၃)’ ခန်းမ၌တွေ့ဆုံခဲ့သော ပြောင်းရွှေ့ဒုက္ခ
သည်များကသက်သေဖြစ်သည်။

တမန်တော်ပေါလု၏ဂူဗိမာန်၌လည်း
သာသနာပြုစိတ်ဓာတ်အသစ်များပြန်လည်ရှင်သန်လာပါစေကြောင်း
ဆု တောင်းခဲ့သည်။ ထိုစိတ်ဓာတ်သည်
မာလ်တာအားထူးခြားသောသာသနာမြေဖြစ်စေသည်။ Gozo ရှိ
မယ်တော်ဂူ၌ဆု တောင်းစဉ် မာလ်တာကျွန်းသူကျွန်းသားတို့၏
မယ်တော့်ကိုအဘယ်မျှကြည်ညိုအားကိုးသည့်အကြောင်းကိုထောက်
ရှုခဲ့ သည်။ ကျွန်ုပ်တို့၏ဘဝ၌ မရှိမဖြစ်လိုအပ်သောအရာများဆီသို့
အမြဲပြန်လည်ပို့ဆောင်ပေးသည်။ ထိုအရာကား ကားတိုင်
ပေါ်၌တင်သတ်ခံရပြီး၊ ပြန်ရှင်ပြန်ခဲ့သောခရစ္စတူးထံသို့ဖြစ်သည်။
ထို့အတူ ကျွန်ုပ်တို့လူသားမိသားစုအား ဧဝံဂေလိတ ရားတော်၏
ကယ်တင်ခြင်းသတင်းဖြစ်သည့်
ဘုရားသခင်၏ချစ်ခြင်းနှင့်ပြည့်သောသနားခြင်းဆီသို့ပြန်လည်ပို့ဆော
င်ပေး သည်။ ဘုရားသခင် မာလ်တာနိုင်ငံနှင့်နိုင်ငံသူနိုင်ငံသားများ၊
ကြွယ်ဝခြင်းနှင့်ငြိမ်းချမ်းခြင်းကောင်းကြီးကိုပေးပါစေ။